*J. Myanmar Acad. Arts Sci. 2026* **Vol. XXIII. No.6**

# ဝန်ကြီးပဒေသရာဇာ၏ မဏိကက်ပျို့မှ အပြောက်အမွမ်းများ လေ့လာချက်

ယဉ်နွေနှင်း[၁]

## စာတမ်းအကျဉ်း

ဤစာတမ်းသည် မြန်မာစာပေနယ်ပယ် ကဗျာကဏ္ဍတွင်ပါဝင်သော ဝန်ကြီးပဒေသရာဇာ၏ မဏိကက်ပျို့မှ အပြောက်အမွမ်းများကို လေ့လာထားသောစာတမ်း ဖြစ်ပါသည်။ ပျို့များတွင် အပြောက်အမွမ်းများ၏အရေးပါပုံကို သိရှိစေလိုသော ရည်ရွယ်ချက်ဖြစ်သည်။ ၂၀၁၇ခုနှစ်တွင် မိဘဂုဏ်စာပေတိုက်မှ ထုတ်ဝေခဲ့သည့် ညောင်ရမ်းခေတ်စာဆို ဝန်ကြီးပဒေသရာဇာစာအုပ်ကို အလေ့လာခံအဖြစ် ထားရှိပါသည်။ သုတေသနမေးခွန်းမှာ မဏိကက်ပျို့မှ အပြောက်အမွမ်းများသည် ဇာတ်လမ်း၊ ဇာတ်ဆောင်၊ နောက်ခံဝန်းကျင်အပေါ် ထောက်ပံ့ပေးနိုင်မှု ရှိပါသလားဖြစ်၍ သုတေသနပြဿနာမှာ မဏိကက်ပျို့မှ အပြောက်အမွမ်းအဖွဲ့များသည် ပီပြင်ပေါ်လွင်မှု ရှိ၊ မရှိ ဖြစ်ပါသည်။ ထိုသုတေသန မေးခွန်းနှင့် ပြဿနာကိုအဖြေရှာရာတွင် အချက်အလက်စုဆောင်း ထုတ်ယူနည်း၊ ခွဲခြမ်းစိတ်ဖြာဆန်းစစ်နည်းတို့ကို အသုံးပြုကာ လေ့လာတင်ပြထားပါသည်။ အပြောက်အမွမ်းများကို လေ့လာလိုသူများအတွက် အထောက်အကူပြုနိုင်မည်ဟု ယုံကြည်ပါသည်။

**သော့ချက်ဝေါဟာရများ** - အပြောက်အမွမ်း၊ ဇာတ်လမ်း၊ ဇာတ်ဆောင်၊ နောက်ခံဝန်းကျင်

## နိဒါန်း

မြန်မာစာပေတွင် ပုံသဏ္ဌာန်အမျိုးမျိုးရှိသည့်အနက် ပျို့စာပေသည် ကဗျာဟူသောပင်စည်ကြီးမှ ပေါက်ဖွားလာခြင်းဖြစ်ပါသည်။ ထိုပျို့စာပေတွင်ပါဝင်သော ဝန်ကြီးပဒေသရာဇာ၏ မဏိကက်ပျို့မှ အပြောက်အမွမ်းများကို လေ့လာတင်ပြထားသောစာတမ်းဖြစ်ပါသည်။ စာဆိုသည် မဏိကက်ပြဇာတ်ကိုလည်းရေးဖွဲ့ခဲ့သည်။ ပျို့များတွင် အပြောက်အမွမ်းများ၏ အရေးပါပုံကို သိရှိစေလိုသော ရည်ရွယ်ချက်ဖြင့် စာတမ်းပြုစုရခြင်းဖြစ်ပါသည်။ အလေ့လာခံပျို့အဖြစ် မဏိကက်ပျို့ကို အခြေခံကာ လေ့လာတင်ပြထားပါသည်။

မဏိကက်ပျို့သည် ဇင်းမယ်ပဏ္ဏာသလာ သတ္တနေဇာတ်ကို အခြေခံ၍ ရေးဖွဲ့ထားခြင်းဖြစ်ပါသည်။ သို့ဖြစ်ရာဝန်ကြီးပဒေသရာဇာ၏ မဏိကက်ပျို့မှ အပြောက်အမွမ်းများသည် ဇာတ်လမ်း၊ ဇာတ်ဆောင်၊ နောက်ခံဝန်းကျင်ကို အထောက်အပံ့ပေးနိုင်ပါသလားဟူသည် ဤစာတမ်းအတွက် သုတေသနမေးခွန်း ဖြစ်လာခဲ့သည်။ ဝန်ကြီးပဒေသရာဇာ၏ အပြောက် အမွမ်းများသည် ပီပြင်ပေါ်လွင်မှု ရှိ၊ မရှိ ဟူသော သုတေသနပြဿနာကို အဖြေရှာရန်အတွက် အချက်အလက် စုဆောင်းထုတ်ယူနည်း၊ ခွဲခြမ်း စိတ်ဖြာဆန်းစစ်နည်းကို အသုံးပြုထားပါသည်။ ပညာရပ်ဆိုင်ရာနည်းနာအနေဖြင့် အပြောက်အမွမ်းနည်းကို အခြေခံကာလေ့လာတင်ပြထားပါသည်။ ပျို့စာပေ၏အပြောက်အမွမ်းများ လေ့လာသူတို့အတွက် တစ်စိတ်တစ်ပိုင်း အထောက်အပံ့ဖြစ်ရန် ရည်ရွယ်ပါသည်။

## စာပေလေ့လာဆန်းစစ်ချက်

မြန်မာစာပေတွင် ကဗျာနှင့်စကားပြေဟူ၍ ကဏ္ဍနှစ်ခုရှိရာ ပျို့သည် ကဗျာကဏ္ဍတွင် ပါဝင်သည်။ ပျို့ကဗျာများသည် မြန်မာစာပေနယ်ပယ်တွင် အခိုင်အမာရပ်တည်ခဲ့သော စာပေအဖွဲ့မျိုးဖြစ်သည်။ စာဆိုတို့သည် ဘုရားဟောဇာတကနိပါတ်၊ ဗုဒ္ဓဝင်ဇင်းမယ်ပဏ္ဏာသလာ ဇာတ်လမ်းတို့ကို

---

[၁] မြန်မာစာဌာန၊ မန္တလေးတက္ကသိုလ်

အခြေခံ၍ လေးလုံးစပ်လင်္ကာဖြင့် ပိုဒ်ရေပေါင်းများစွာ တခမ်းတနားဖွဲ့ဆိုကြသည်။ သတ္တခနေဇာတ် ဇင်းမယ်ပဏ္ဍာသလာ သတ္တခနေဇာတ်ဝတ္ထုကို အခြေခံ၍ ဖွဲ့ဆိုထားသော မဏိကက်ပျို့ကို ညောင်ရမ်း ခေတ်စာဆို ဝန်ကြီးပဒေသရာဇာသည် ပျို့အဖြစ်ဖွဲ့ဆိုထားသည်ကိုတွေ့ရသည်။ ဇာတ်ဝတ္ထုလာ ဇာတ်ကြောင်းနှင့် ပျို့အဖွဲ့ပါဇာတ်ကြောင်းကို စိတ်ဝင်စား၍ ဖတ်ကြည့်ရင်း ပျို့စာပေ၏ အပြောက်အမွမ်း ကို စိတ်ဝင်စားလာခဲ့ပါသည်။ ထို့ကြောင့် မဏိကက်ပျို့မှ အပြောက်အမွမ်းများလေ့လာချက်စာတမ်းကို ပြုစုခဲ့ရခြင်း ဖြစ်ပါသည်။

ထို့နောက် ဆရာတင်သန်းဦး (၂၀၀၃)၏ ဇာတ်လမ်းပညာစာအုပ်ကို ဖတ်ရှုလေ့လာခဲ့ ပါသည်။ ထိုစာအုပ်တွင် ဇာတ်လမ်းကျောရိုး၊ အတွေးအခေါ်အယူအဆ၊ ဇာတ်ကောင်များ၊ သီကုံ ဖွဲ့နွဲ့ပုံ၊ တေးဂီတ စည်းဝါးနရီ၊ ဇာတ်လမ်းနောက်ခံ အခမ်းအနားပြင်ဆင်မှုဟူ၍ ဇာတ်လမ်းအင်္ဂါရပ်နှင့်ပတ်သက်၍ သိမှတ် ခဲ့ရပါသည်။

ဒေါက်တာခင်မမ(၂၀၁၀)၏ မင်းပွဲဝင်ကဗျာများစာအုပ်ကို ဖတ်ရှုရင်း မဏိကက်ပျို့နှင့် ပတ်သက် သော အကြောင်းအရာများကို သိရှိရ၍ မိမိစာတမ်းအတွက် များစွာအထောက်အကူပြုပါသည်။

ထို့ပြင် ဆရာဒေါက်တာအောင်မြင့်ဦး(၂၀၂၀) ၏ ပြဇာတ်သဘောတရား၊ ပြဇာတ်အတတ် ပညာ စာအုပ်တွင် ဇာတ်လမ်းအင်္ဂါရပ်နှင့်ပတ်သက်၍ တင်ပြထားရာ မှတ်သားဖွယ်သိရှိရပါသည်။

မောင်ခင်မင်(ဓနုဖြူ) (၂၀၂၃)၏ ဘာသာအမြင်စာပေအမြင်စာအုပ်တွင် ဘာသာစကားနှင့် စာပေ ကဏ္ဍဟူ၍ အပိုင်း(၂)ပိုင်းခွဲကာတင်ပြထားသည်။ စာပေကဏ္ဍတွင် ပျို့နှင့်ပတ်သက်သော အပြောက် အမွမ်းနည်းကို နည်းယူခဲ့ရပါသည်။

ဆက်လက်၍ ဤစာတမ်းပြုစုနိုင်ရေးအတွက် သုတေသနကျမ်းများကိုလည်း ဖတ်ရှု လေ့လာခဲ့ ပါသည်။ မသီဂီ (၂၀၁၈)၏ မန္တလေးတက္ကသိုလ်၊ မြန်မာစာဌာနသို့ ပါရဂူဘွဲ့အတွက် တင်သွင်းသော "ကင်းဝန်မင်းကြီး၏ တိန္ဒုကပျို့ အပြောက်အမွမ်းများလေ့လာချက်" ကျမ်းကို လေ့လာဖတ်ရှုခြင်း ဖြင့်ဇာတ်လမ်း၊ ဇာတ်ဆောင်၊ နောက်ခံဝန်းကျင်တို့နှင့်ပတ်သက်သော အပြောက်အမွမ်းများကို လေ့လာ သိရှိခွင့်ရခဲ့ပါသည်။ မိမိစာတမ်းအတွက် အပြောက်အမွမ်း သဘောတရားများကို နည်းယူခဲ့ရပါသည်။

သို့ဖြစ်ရာ အထက်ပါ စာအုပ်များ၊ ကျမ်းများကို ဖတ်ရှုလေ့လာခြင်းဖြင့် ဇာတ်လမ်း၊ ဇာတ်ဆောင်၊ နောက်ခံဝန်းကျင်၊ အပြောက်အမွမ်းနှင့်ပတ်သက်သော နည်းများကိုမှတ်သား သိရှိလာရပါသည်။

## နည်းနာ

### ပညာရပ်ဆိုင်ရာနည်းနာ

ပညာရပ်ဆိုင်ရာနည်းနာနှင့်ပတ်သက်၍ တင်ပြရလျှင် ဤစာတမ်းသည် မြန်မာစာပေနယ်ပယ် ကဗျာကဏ္ဍတွင် ပါဝင်သော မဏိကက်ပျို့ကို ဇင်းမယ်ပဏ္ဍာသလာ သတ္တခနေဇာတ်နှင့် နှိုင်းယှဉ်၍ မဏိကက်ပျို့၏အပြောက်အမွမ်းများကို လေ့လာတင်ပြထားခြင်းဖြစ်ပါသည်။

### အပြောက်အမွမ်း

ပျို့စာဆိုတို့သည် မူလဇာတ်ဝတ္ထုများကို ပျို့အဖြစ်ရေးဖွဲ့ရာတွင် မူလဇာတ်တော်အတိုင်း ပြန်လည် ရေးဖွဲ့ခြင်းမရှိဘဲ အပြောက်အမွမ်းများခြယ်ကာ တန်ဆာဆင်ရေးဖွဲ့ကြောင်း တွေ့ရပါသည်။ အပြောက် အမွမ်းနှင့်ပတ်သက်၍ မြန်မာအဘိဓာန်တွင်မူ "**အပြောက်အမွမ်း -န/အပြောက်အမွမ်း/**

**ရုပ်လုံးရုပ်ကြွ ခြူးပန်းခြူးနွယ်၊ စုလစ်မွမ်းချွန်စသည်တို့ဖြင့် မွမ်းမံခြယ်လှယ်ထားသော ဗိသုကာ လက်ရာ**”( မြန်မာစာအဖွဲ့၊ ၂၀၁၈၊ စာ ) ဟုဖွင့်ဆိုထားပါသည်။

ဆက်လက်၍ မောင်ခင်မင် က ဘာသာအမြင်စာပေအမြင်စာအုပ်တွင်(ဓနုဖြူ)

> **(၁) ဇာတ်လမ်းကို မူလဇာတ်ဝတ္ထုမှာထက် ပိုမိုစိုပြည်ပေါ်လွင်အောင် အပြောက်အမွမ်း ခြယ်တတ်ကြသည်။ (၂) ဇာတ်ဆောင်များကို ပိုမိုသက်ဝင်လှုပ်ရှားလာအောင် အပြောက်အမွမ်းခြယ်တတ်ကြသည်။ (၃) နောက်ခံကို မြင်ယောင်ထင်ယောင် ဖြစ်လာ အောင် အပြောက်အမွမ်း ခြယ်တတ်ကြသည်။( ၂၀၂၃၊ စာ ၂၁၈)**

ဟူ၍ အပြောက်အမွမ်း၏ သဘောကို ဖော်ပြထားသည်။

ဒေါက်တာလွင်အောင်က အပြောက်အမွမ်းနှင့်ပတ်သက်၍ ဗိသုကာအနုပညာ အတွေးအမြင်နှင့် ဗိသုကာအဆောက်အအုံပညာစာစုများစာအုပ်တွင်

> **အပြောက်မတင်ရသေးသော အဆောက်အအုံထုသွင်၊ လောင်းပြီးသော ပန်းပုရုပ်၊ မခြယ်ရသေးဘဲကောက်ကြောင်းရေးပြီး လျာထားသော ပန်းချီကားများသည် အဖြူ ထည်ဖြစ်၏။ အချိုးအဆစ်ပြေပြစ်ပြီးဖြစ်သော အဖြူထည်သည် အလှအင်အား ပြည့်ဝပြီးဖြစ်သည်။ အပြောက်တင်လိုက်လျှင် အတိုင်းထက်အလွန် တံခွန်နှင့်ဘုရား ဖြစ်တော့၏။** (၂၀၀၃၊ စာ၈၆)

ဟုရှင်းလင်းဖွင့်ဆိုပြထားပါသည်။

## ဇာတ်လမ်း

ပျို့တွင် ဇာတ်လမ်း၊ ဇာတ်ဆောင်၊ နောက်ခံဝန်းကျင်တို့ကို ချိတ်ဆက်ရေးသားရပါသည်။ ဇာတ်လမ်းနှင့် ပတ်သက်၍ မြန်မာအဘိဓာန်တွင် **“ဇာတ်လမ်း၊ န- ရုပ်ရှင်၊ ပြဇာတ်၊ ဝတ္ထု စသည်တို့ တွင် ပါဝင်သော အဖြစ်အပျက်၊ အကြောင်းအရာအစအဆုံး၊ ဇာတ်ကြောင်း”**(မြန်မာစာအဖွဲ့၊ ၂၀၁၈၊ စာ ၁၂၈) ဟု ဖွင့်ဆိုထားပါသည်။

ထို့ပြင် အလှဗေဒ(၂)တွင် ဇာတ်လမ်းနှင့်ပတ်သက်၍ ဒဂုန်တာရာက **“ဇာတ်လမ်းဆိုသည်မှာ ဇာတ်ကောင်များလှုပ်ရှားပါဝင်သောအဖြစ်အပျက်**”(၂၀၁၈၊ စာ ၁၂၈) ဟု အနက်အဓိပ္ပာယ် ဖွင့်ဆိုထားပါ သည်။

## ဇာတ်ဆောင်

ဇာတ်လမ်းတစ်ပုဒ် သက်ဝင်လှုပ်ရှားပီပြင်လာစေရန်အတွက် ဇာတ်ဆောင်သည် အရေးပါသည့် အခန်းကဏ္ဍမှ ပါဝင်ပါသည်။ ဇာတ်ဆောင်ဟူသော ဝေါဟာရကို မြန်မာအဘိဓာန်တွင် **“ဇာတ်ဆောင်၊ န- ဇာတ်၊ ရုပ်ရှင်တို့တွင်ပါဝင်သရုပ်ဆောင်သူ”**(မြန်မာစာအဖွဲ့၊ ၂၀၁၈၊ စာ ၁၂၈)ဟူ၍ အဓိပ္ပာယ်ဖွင့်ဆိုထားပါ သည်။ ဝတ္ထုတိုသဘောတရား၊ ဝတ္ထုတိုအတတ်ပညာ စာအုပ်တွင် စိုးရွှေစင်က **“ဇာတ်ဆောင်ဟူသည် ဇာတ်လမ်းကို ဖော်ဆောင်နိုင်ရန် စာရေးဆရာ စိတ်ကူးဖြင့် ဖန်တီးထားသောသူ၊ တစ်နည်း ဇာတ်ရုပ်များ**

**ဖြင့် ကာယကံ၊ ဝစီကံ၊ မနောကံများကို ခြယ်မှုန်းပြခြင်းဖြင့် သက်ဝင်လာကြသူများဖြစ်သည်"**(၂၀၁၅၊ စာ ၁၉)ဟုဖွင့်ဆိုထားပါသည်။

## နောက်ခံဝန်းကျင်

နောက်ခံဝန်းကျင်ဟူသော ဝေါဟာရကို မြန်မာအဘိဓာန်တွင် **"နောက်ခံ၊ န-နောက်ဘက်တွင်ရှိနေသောအရာ၊ ကူပံ့မည့်သူ**။"(၂၀၁၈၊ စာ ၁၈၉)၊ **"ဝန်းကျင်၊ န-ပတ်လည် တစ်ဝိုက်။"**(၂၀၁၈၊ စာ ၃၅၁)ဟု ဖွင့်ဆိုထားသည်။ နောက်ခံဝန်းကျင်နှင့်ပတ်သက်၍ အလှဗေဒ(၂) စာအုပ်တွင် ဒဂုန်တာရာက **"နောက်ခံကားဆိုသည်မှာ လူတို့နေထိုင်ရာ ဖြစ်ပျက်ရာ နေရာဒေသနှင့် အချိန်ကာလပင်ဖြစ်သည်" (**၂၀၁၈၊ စာ ၁၃၃**)**ဟု ဖွင့်ဆိုထားသည်။

ဤသို့ဖြင့် ပျို့စာပေသည် ဇာတ်လမ်းသဘောပါဝင်သောကြောင့် ဇာတ်လမ်း၊ ဇာတ်ဆောင်၊ နောက်ခံတို့သည် ပါဝင်လာသည်။ စာဆိုတို့သည် ပျို့များကိုရေးဖွဲ့ရာတွင် ဗုဒ္ဓဝင်ဇာတကတို့မှလည်းကောင်း၊ ဇင်းမယ်ပဏ္ဏာသတို့မှ လည်းကောင်း အသီးသီးအခြေခံကာ ဖွဲ့ဆိုကြသည်။ ထို့သို့ဖွဲ့ဆိုရင်းပျို့များတွင် အပြောက်အမွမ်းများတွေ့လာရသည်။ ထိုအပြောက်အမွမ်းများ ကိုဖွဲ့ဆိုရာ၌ ဇာတ်လမ်း၊ ဇာတ်ဆောင်၊ နောက်ခံတို့ကို မူလဇာတ်ဝတ္ထုတို့ထက် ပိုမိုရုပ်လုံးကြွ စိုပြည်လာစေရန် တန်ဆာဆင်ရေးဖွဲ့လေ့ရှိကြောင်းတွေ့နိုင်သည်။ ထိုသို့ဖွဲ့ဆိုသောကြောင့် ဇာတ်လမ်း၊ ဇာတ်ဆောင်စရိုက်များ ပိုမိုပီပြင်လာရကာ နောက်ခံဝန်းကျင်အဖွဲ့တို့သည်လည်း ပို၍ထင်ရှားလာရပါသည်။

## သုတေသနနည်းနာ

သုတေသနတစ်ခု ပြုလုပ်တော့မည်ဆိုလျှင် မိမိပြုလုပ်သောသုတေသနသည် မှန်ကန်မှုရှိရန်အတွက် သုတေသနနည်းနာကို အသုံးပြုရပေမည်။

ဤစာတမ်းသည် ဝန်ကြီးပဒေသရာဇာ၏ မဃဒေဝလင်္ကာ... 

ဤစာတမ်းသည် ဝန်ကြီးပဒေသရာဇာ၏ မဏိကက်ပျို့မှ အပြောက်အမွမ်းများကို လေ့လာထားသော စာတမ်းဖြစ်ပါသည်။ သို့ဖြစ်ရာ ဝန်ကြီးပဒေသရာဇာ၏ မဏိကက်ပျို့မှ အပြောက်အမွမ်းများကို ထုတ်နုတ်ရာတွင် ပထမဦးစွာ အချက်အလက်စုဆောင်း ထုတ်ယူသောနည်းကို အသုံးပြုထားပါသည်။ ထို့နောက် ထုတ်နုတ်ထားသော အချက်အလက်များကိုဇာတ်လမ်း၊ ဇာတ်ဆောင်၊ နောက်ခံဟူ၍ အမျိုးအစားခွဲရာတွင် ခွဲခြမ်းစိတ်ဖြာဆန်းစစ်နည်းဖြင့် စိစစ်လေ့လာထားပါသည်။

## လေ့လာတွေ့ရှိချက်

ဝန်ကြီးပဒေသရာဇာ၏ မဏိကက်ပျို့လာ အပြောက်အမွမ်းများကို လေ့လာရာတွင် ဇာတ်လမ်းအပြောက်အမွမ်း၊ ဇာတ်ဆောင်အပြောက်အမွမ်း၊ နောက်ခံဝန်းကျင်အပြောက်အမွမ်းဟူ၍ အပိုင်း(၃)ပိုင်းခွဲကာ လေ့လာတင်ပြထားပါသည်။

### ဇာတ်လမ်းအပြောက်အမွမ်း

မဏိကက်ပျို့တွင် ပိုဒ်ရေ(၅၃)ပိုဒ်ပါရှိကာ အပိုဒ်(၂)မှ အပိုဒ်(၅၂)ထိ ဇာတ်အိမ်ဖွဲ့ထားပါသည်။ အပိုဒ်(၁)တွင် စာဆို၏ပဋိညာဉ်ခံချက်ကို နိဒါန်းပျိုးထားပါသည်။ အပိုဒ် (၂၅)မှ (၃၇)ထိသည် ဆုံးမ

ဩဝါဒများ ကြားညှပ်ကာဖွဲ့ထားသည်။ အပိုဒ်(၅၃)မှာ နိဂုံးချုပ်အနေဖြင့် စာဆို၏ဘဝနှင့် ပတ်သက်သည့်အကြောင်းများကို ဖွဲ့ထားပါသည်။

ပျို့စာဆိုတို့သည် မူလဇာတ်ဝတ္ထုကို ပျို့အဖြစ်ပြန်လည်ရေးဖွဲ့ရာတွင် မူရင်းဇာတ်ဝတ္ထုအတိုင်း ရေးဖွဲ့ခြင်းမရှိဘဲ ဇာတ်လမ်းကို စာဆို၏ရေးဖွဲ့မှုစွမ်းရည်ဖြင့် ဦးတည်ချက်ကို မပြောင်းလဲစေဘဲ ပြုပြင်မွမ်းမံကာ ရေးဖွဲ့ကြပါသည်။ ပျို့ဇာတ်လမ်းပါ အပြောက်အမွမ်းကိုတင်ပြရလျှင် သတ္တခနုဇာတ် ဝတ္ထုတွင် မိဖုရာများ သားရတနာမရရှိသောကြောင့် သားဆုပန်ကြကြောင်းကို ဖော်ပြရာတွင် မိဖုရားကြီးသည် လပြည့်ဥပုသ်နေ့တွင် သီတင်းသီလ ဆောက်တည်ကာ ဖုန်းတောင်းယာစကာတို့ကို ပေးကမ်းလှူဒါန်းပုံ၊ သားရတနာ ရလိုကြောင်းဆုတောင်းပုံ၊ သိကြားမင်း၏ ဘုံဗိမာန်ပူလာသောကြောင့် နတ်သားတစ်ပါးအား မိဖုရားကြီးထံ ပဋိသန္ဓေယူ စေပုံ တို့ကို မူလဇာတ်ဝတ္ထုတွင်-

**သိကြားမင်းသည် မိမိကိုယ်ကို စွန်ယောင်ဖန်ဆင်းလျက် ဆီးသီးကို ကိုက်ချီလာပြီးလျှင် မိဖုရားကြီးရှေ့၌ပစ်ချပြီး ပျံသွားလေသည်။ မိဖုရားကြီးသည် ချက်ချင်းပင် ဆီးသီးကို ကောက်ယူစားသောက်သည်။ အစေ့ကိုမြေသို့ပစ်ချ လိုက်လေသည်။ ထိုအခါ မြင်းအိုမ တစ်ကောင်သည် ပြာသာဒ်အောက်၌ လှည့်လည်သွားလာ နေရာမှ ဆီးသီးစေ့ကိုတွေ့၍ ကောက်ယူ စားသောက်လေသည်။ ထိုခဏမှာပင် အသီးစားသောမိဖုရား၊ အစေ့စား သောမြင်းမတို့၌ ကိုယ်ဝန်တည်လေသည်။** ဇင်းမယ်)ပဏ္ဏာသ၊၂၀၁၄၊ စာ၁၅၀(

ဟုဖော်ပြထားသည်။ မဏိကက်ပျို့တွင်မူ အတုလဒေဝီမိဖုရားကြီးနှင့်တကွ မိဖုရားအားလုံးသည် သားဆုတောင်းကြရာ သိကြားမင်းက သားဆုပေးသဖြင့် လစေ့သောအခါ မဟာသီဟသူရ မင်းသားကို ဖွားမြင်ကြောင်း၊ မြင်းမသည်လည်း မင်းသားနှင့်အတူမွေးကြောင်းကို-“**ရှိသေညွှတ်ခ၊ ဆုတောင်းကြသော်၊ မာဃသိကြား၊ ပေးသောအားဖြင့်၊ ဘုရားအလျာ၊ ဘုန်းကြီးစွာသည်၊ အချာနန်းမ၊ အတုလ၌၊ သုခသန္ဓေ၊ ချမ်းသာနေ၍၊ လရေစေ့လျှင်း၊ အိမ်ရှေ့နှင်း၍**” (ဝန်ကြီးပဒေသရာဇာ၊ ၂၀၁၇၊ စာ ၂၉၀-၂၉၁)ဟုလည်းကောင်း၊ “**တူသာဖွားဖက်၊ မဏိကက်ကို၊ ပြိုးပြက်ရောင်ထင်၊ တန်ဆာဆင်လျက်၊ ထိပ်တင်ဘုန်းလူ၊ စီးတော်မူသည်**” (ဝန်ကြီးပဒေသရာဇာ၊ ၂၀၁၇၊ စာ ၂၉၁)ဟုလည်းကောင်း ဖွဲ့ဆိုထားသည်။ မူလဇာတ်ဝတ္ထုတွင် မိဖုရားသားဆုပန်ပုံ၊ ပဋိသန္ဓေရပုံတို့ကို ဖော်ပြထားသော်လည်း ပျို့တွင်မူ သားဆုပန်ပြီးနောက် လစေ့သောအခါ မြင်းမနှင့်အတူ တစ်ပြိုင်နက်တည်းမင်းသားကို ဖွားမြင်ကြောင်း၊ မိဖုရားကြီးအား သိကြားမင်းအိပ်မက် ပေးခန်းကိုချုံ့ကာရေးဖွဲ့ထားကြောင်း၊ မင်းသားနှင့်မြင်းကို ဖွားဖက်တော်အဖြစ်သုံးထားကြောင်းတို့ကို ထူးခြားချက်အနေဖြင့် တွေ့ရသည်။ ပျို့သည် နန်းတွင်းသူနန်းတွင်းသားများကို ဩဝါဒပေးလိုသော ဦးတည်ချက်ကြောင့် မူလဇာတ်ဝတ္ထု ဇာတ်လမ်းကို ချုံ့၍ဇာတ်လမ်းဆင်ထားသည်ဟု ယူဆဖွယ်ရှိသည်။

ထို့နောက် သတ္တခနုဇာတ်တွင် သတ္တခနုမင်းသားသည် ဆယ့်ခြောက်နှစ်အရွယ် ရောက်သော်မင်းကြီးသည် နတ်ရွာစံလေသည်။ ထိုအခါပြည်သူပြည်သားအပေါင်းတို့က မင်းသားကိုဘိသက်သွန်းမြှောက်စေကာ မင်းဝတ်တန်ဆာတို့ကိုဆင်ယင်၍ မဏိကက်မြင်းကို ဆက်သလေသည်။ မြင်းကိုမြင်သော် မင်းသားသည် မြင်းကိုတက်စီးလေရာ စည်သံတူရိယာသံတို့ဖြင့် မင်းသားကို ကောင်းချီးဩဘာ

ပေးကြလေသည်။ မဏိကက်မြင်းသည် မင်းသားကိုခေါ်ဆောင်သွားသည်။ ထိုအကြောင်းကို အိမ်ရှေ့မင်းသား၏ မိခင်ဖြစ်သူကြားသော် ပူဆွေးသောကရောက်ရပုံကို မူလဇာတ်ဝတ္ထုတွင်

> **"ချစ်စွာသောသား မြင်းကိုထား၍ ပြန်လာပါလော့၊ ငါ့အားကိုးကွယ်ရာမဲ့မပြုပါနှင့်၊ ယနေ့သားကိုမမြင်ရလျှင်သေရပါလိမ့်မည်" ဆံပင်ရေစို အဝတ်ရေစိုတို့ဖြင့် တံခါးဝသို့ သွား၍ ကောင်းကင်သို့မော့ကြည့်ကာ အော်ဟစ်ပြောဆိုလေသည်။ မယ်တော်၏စကားကိုကြားသောအခါ သတ္တဓနု၏နှလုံးသည် ကွဲမတတ်ခံစားရလေသည်။ သတ္တဓနုသည် သန်လျက်ဖြင့် မြင်း၏ဦးခေါင်းကို ဖြတ်ရန် ကြံစည်လေသည်။ မဏိကက်မြင်းသည် ထိုအကြောင်းကိုသိ၍ "အရှင်မင်းသား ကျွန်ုပ်ကို မသတ်ပါလင့်၊ ကျွန်ုပ်သည် သင့်အား မင်းစည်းစိမ်ရအောင် စွမ်းဆောင်နိုင်ပါသည်"ဟုဆိုကာ သတ္တဓနုကို ဆက်လက် သယ်ဆောင်သွားလေသည်။** (ဇင်းမယ်ပဏ္ဏာသ၊ ၂၀၁၄၊ စာ၁၅၁)

ဟုဖော်ပြထားသည်။

မဏိကက်ပျို့တွင်မူ မဟာသီဟသူရမင်းသား ဘိသိက်မြှောက်ပွဲတွင် မဏိကက်မြင်းသည် မိမိ၏စွမ်းအားကိုပြလို၍ အရှင်၏အမူတော်ကို ထမ်းမည်ဟုရည်ရွယ်ကာ ခမည်းတော်စံနန်းကို သုံးပတ်ပတ်ပြီးလျှင် မင်းသားကို တင်၍ကောင်းကင်ပေါ်သို့ပျံလေသည်။ ပြည်သူပြည်သားတို့သည် မြင်း၏ထူးခြားသောအသွင်ကို ရုတ်ရုတ်သဲသဲကြည့်ကြ၍ ဆူပူသံများကိုကြားလျှင် မြတ်စွာဝတီမင်းသမီးနှင့်တကွ ကိုယ်လုပ်တော်မောင်းမများ ငိုကြွေးကြပုံကို "**ရွှေနန်းတက်၍၊ အောင်ချက်နဂိုရ်၊ စိုးမည်ဆိုကို၊ လိုလေသေးဘဲ၊ စိတ်တော်ကွဲ၍၊ တိမ်ထဲမိုးယံ၊ မြင်းနှင့်ပျံသည်၊ သာစံထူးလည်၊ ဘယ်နတ်ပြည်မှာ၊ ရောင်ခြည်ရွှန်းရွှန်း၊ ဘယ်နတ်နန်းကို၊ သိမ်းမြန်းစိုးအုပ်၊ အုပ်လိမ့်မည်လည်း။**"(ဝန်ကြီးပဒေသရာဇာ၊ ၂၀၁၇၊ စာ ၂၉၂)ဟုလည်းကောင်း၊

> **ရွှေစင်ပြိုးပြက်၊ လေ့တော်ထက်ဝယ်၊ စုံမက်သာပျော်၊ ကိုယ်တော်တကွ၊ ကျွန်တော်မကို၊ ထံစတော်ပါး၊ နီးရာထား၍၊ မြှောက်စားတည်ပ၊ စံပယ်ရ၏၊ စိမ်းမြပင်စဉ်၊ ဥယျာဉ်သာပျော်၊ စံပါယ်သော်လည်း၊ ကိုယ်တော်မကင်း၊ ထံတော်ရင်းတွင်၊ ကြိုင်သင်းမွှေးလွန်၊ ပန်းမန်သစ်သီး၊ ဖြင်ညီးလိုရာ၊ ရွေးကာယူငင်၊ ပန်ဆင်ဆွတ်စား၊ ပျော်ပါးပေရ၊ တင့်တယ်လှ၏**(ဝန်ကြီးပဒေသရာဇာ၊ ၂၀၁၇၊ စာ ၂၉၃ )

ဟုလည်းကောင်းရေးဖွဲ့ထားပါသည်။ မြတ်စွာဝတီမင်းသမီးသည် မင်းသားကိုတမ်းတရာ၌ မိမိနှင့်အတူရှိခဲ့သောအချိန်တို့တွင် ချစ်ခင်ကြင်နာခဲ့သောအကြောင်းတို့ကို ပြန်လည်ပြောဆိုကာ တမ်းတငိုကြွေးပုံ ရင်တွင်းခံစားချက်တို့ကို အသေးစိတ်ရေးဖွဲ့ကြောင်း တွေ့ရသည်။ ထို့အတူ ကျွန်မိဖုရားတို့၏ ငိုကြွေးပူဆွေးကြပုံ၊ အမတ်မယား၊ မင်းသားကတော်အပေါင်းတို့ကလည်း ငိုကြွေးကြပုံတို့ကို ထည့်သွင်းရေးဖွဲ့ထားကြောင်းတွေ့ရသည်။ သတ္တဓနုဇာတ်တော်တွင် အိမ်ရှေ့မင်းအရာ အပ်နှင်းစဉ် မဏိကက်မြင်းပျံသည် မင်းသားကို ခေါ်ဆောင်သွားရာ၌ တိုင်းပြည်တွင် ဇနီးသည်မိဖုရားမရှိခဲ့ပါ။ လက်ထပ်ထိမ်းမြားခြင်း မပြုရသေးကြောင်း တွေ့ရသော်လည်း မဏိကက်ပျို့တွင်မူ မြတ်စွာဝတီမိဖုရားရှိနေကြောင်းကိုတွေ့ရသည်။ ဤသည်ကိုထောက်၍ စာဆိုသည် မူလဇာတ်ဝတ္ထုပါ ဇာတ်လမ်းကို ပြောင်းလဲပြင်ဆင်ကာ မွမ်းမံရေးဖွဲ့ထားကြောင်း တွေ့နိုင်ပါသည်။

ဆက်လက်၍ သတ္တခနေဇာတ်ဝတ္ထုတွင် မင်းသားသည် သေတမြို့သို့ရောက်သော် စီရပဘာ မင်းသမီးနှင့်တွေ့ဆုံကာ ချစ်ကြိုက်၍ မင်းသမီး၏အဆောင်တော် ပြသာဒ်ခုနှစ်ဆင့်တွင် ပေါင်းသင်း နေထိုင်ကြသည်။ ထိုအကြောင်းကို သေတမင်းကြီးသိသော် သမီးတော်အဆောင်သို့ ရောက်လာကာ မင်းသားကို နည်းအမျိုးမျိုးဖြင့် မင်းသား၏စွမ်းရည်ကို စမ်းသပ်ကြောင်းကို "**အမောင်မင်းသား၊ သင်၏ လေးအတတ်ကို ပြပါလော့၊ ငါတို့ကြည့်ကြမည်**" "**အရှင်မင်းကြီး ကောင်းပါပြီ" သတ္တခနေမင်းသားသည် လေးနှင့်မြားကိုထုတ်ကာ ကောင်းကင်သို့ ပစ်လေသည်။ ပစ်သမျှသော မြားတို့သည် သတ်မှတ်ထား သော မြေနေရာသို့ကျလေသည်။**" (ဇင်းမယ်ပဏ္ဏာသ၊ ၂၀၁၄၊ စာ ၁၅၅)ဟု လည်းကောင်း၊ မင်းသား၏ စွမ်းရည်ကိုမင်းကြီးနှင့်တကွ မှူးမတ်ပြည်သူအပေါင်းက တွေ့မြင်ကြပြီး နှစ်သက်ဝမ်းမြောက်ကြ ကြောင်းကို

> **ထိုအခြင်းအရာကိုမြင်ရသော သေတမင်းအမှူးရှိသော မင်းများ၊ ပရိသတ်များအားလုံး သည် ကောင်းချီးသြဘာထောမနာပြုကြသည်။ သတ္တခနေအားဝန်းရံ၍ အဝတ်တန်ဆာ တို့ကိုမြှောက်ခြင်း၊ ဦးရစ်ခေါင်းပေါင်းတို့ကိုမြှောက်ခြင်း စသည်တို့ကိုပြုလုပ်ကြလေ သည်။ သေတမင်းကြီးသည် သတ္တခနေမင်းသား၏ ဦးထိပ်ကို ငုံစုပ်ပြီးနောက် ထိုနေရာ၌ ပင် သတ္တခနေမင်းသားကို စိရပဘာနှင့် ထိမ်းမြား လက်ထပ်ပေးလေသည်။ ကြွရောက် လာကြသော မင်းများအပေါင်းသည်လည်း နှစ်သက်ဝမ်းမြောက်ကြသည်ဖြစ်၍ ရွှေငွေ ပန်းခွေပန်းဆိုင်များကို ပေးကြလေသည်။** (၁၅၆-ဇင်းမယ် ပဏ္ဏာသ၊ ၂၀၁၄၊ စာ၁၅၅)

ဟုလည်းကောင်းဖော်ပြထားသည်။ မူလဇာတ်ဝတ္ထုတွင်မူ မင်းသားကို မင်းကြီးစမ်းသပ်၍ အောင်မြင်ရာ မင်းသားနှင့်မင်းသမီးကို ထိမ်းမြားလက်ထပ်ပေးပြီးနောက် သတ္တခနေမင်းသားသည် မယ်တော်ကို သတိရ သောကြောင့် မင်းသမီးနှင့်အတူပြန်လာကြောင်း ဖော်ပြထားသော်လည်း ပျို့တွင်မူ မင်းကြီးအပါးတွင် အမှုထမ်းရသော ပုဏ္ဏား၏မင်းသားအပေါ် အမျက်ထားမှု၊ ဂုန်းချောလုပ်ကြံမှုများကို ချဲ့ထွင်ရေးဖွဲ့ ထားကြောင်းတွေ့ရသည်။ ထို့အကြောင်းကို ပျို့တွင်

> **ရှိစေနှင့်ဦး၊ မနေဘူးဟု၊ ဟူးဟူးမျက်အား၊ အငြိုးထားလျက်၊ မှတ်သားမြဲခွေ၊ စောင့်နေ လေ၏။ နေ့ရေမကြာ၊ တရံခါဝယ်၊ မူရာထူးပြား၊ သည်မင်းသားသည်၊ ဘုရားကိုပင်၊ သတ်ချင်ထဲသံ၊ မကောင်းကြံဟု၊ စီမံယုံလောက်၊ စာနှင့်လျှောက်၏။**
>
> (ဝန်ကြီးပဒေသ ရာဇာ၊ ၂၀၁၇၊ စာ ၃၀၃)

ဟုဖွဲ့ဆိုထားသည်။ ပျို့တွင် မင်းကြီးသည် မင်းသားကိုအနားတော်တွင်ခေါ်၍ မင်းရေးမင်းရာများ စီမံ စေမှုအပေါ်ပုဏ္ဏားသည် မနာလိုဝန်တိုကာ မင်းသားအပေါ် မင်းကြီးယုံကြည်မှုပျက်ပြားစေရန် လုပ်ကြံမှု တို့ကို အသစ်ထည့်သွင်းကာ ဇာတ်လမ်းကို ချဲ့ထွင်မွမ်းမံထားကြောင်းတွေ့ရပါသည်။ ထိုသို့ မင်းသားနှင့် ပုဏ္ဏားတို့ကိုအားပြိုင်စေကာ ဇာတ်လမ်းကိုစိတ်ဝင်စားလာစေရန် မွမ်းမံထားကြောင်း တွေ့နိုင်ပါသည်။

ဆက်လက်၍ မူလသတ္တခနေဇာတ်ဝတ္ထုတွင်မူ မင်းကြီးသည် မင်းသား၏ မိခင်ထံပြန်လိုမှုအပေါ် ကြည်သာစွာသွားခွင့်ပေးသောကြောင့် မင်းသမီးနှင့်အတူ မိမိတိုင်းပြည်သို့ ပြန်လာကြောင်း ဖော်ပြထား သည်။ သို့သော် ပျို့တွင်မူ စာဆိုသည် ခရီးမထွက်မီသေဌမင်းကြီးက မင်းသားမင်းသမီးတို့ကို ဆုံးမစကား များမှာကြားပုံတို့ဖြင့် ချဲ့ထွင်ကာရေးဖွဲ့ထားသည်ကို တွေ့ရသည်။ မိန်းမကောင်းတို့၏ အကျင့်ကို

ကျင့်ဆောင်ရန် ပျို့တွင် "**မနှောင့်ဒေါသ၊ မယ်လှမောင်တော်၊ ချစ်မွေ့လျော်အောင်၊ သူတော်သူကောင်း၊ မိန်းမကောင်းတို့၊ ကျင့်ကြောင်းတရား၊ ဝတ်ခြောက်ပါးလည်း၊ မမှားမသွေ၊ မြဲပါစေဟု**" (ဝန်ကြီးပဒေသရာဇာ၊ ၂၀၁၇၊ စာ ၃၀၇)ဟုလည်းကောင်း၊ ဝန်စုမှုးစုများကို မင်းမြတ်မြောက်စားသဖြင့် ကောင်းစားသည်ကိုမြင်လျှင် မနာလိုဝန်တိုခြင်းမရှိဘဲ မေတ္တာထားရန် ဆုံးမသည့်စကားကို "**ချီးကျူးထင်ပေါ်၊ မြှောက်စားသော်လည်း၊ မလျော်ငင်ချိတ်၊ ဝန်တိုစိတ်သည်၊ တဆိတ်စာမျှ၊ မယ်လှမသာ၊ မရှိပါနှင့်၊ မေတ္တာယဉ်နု၊ ဝမ်းသာမုဒိတာ၊ ပြုပါရွှေခဲ၊ ဘလည်ရွဲသည်**" (ဝန်ကြီးပဒေသရာဇာ၊ ၂၀၁၇၊ စာ ၃၀၈)ဟုလည်းကောင်း၊ နှုတ်ခွန်းချိုသာ၍ နာယကဂုဏ်ခြောက်ပါး နှင့်ပြည့်စုံရန် မှာကြားပုံကို "**များစွာရံအုပ်၊ ကိုယ်လုပ်မောင်းမ၊ ရှိသမျှကို၊ ဒေါသသမ်းညို့၊ ငယ်ကျိုး ငယ်နာ၊ ဖော်လှစ်(လှစ်)ကာလျှင်၊ မာန်ပါ မျက်အိုက်၊ထိုက်လိုက်မသိ၊ ဆိုမိဆိုရာ၊ မဆိုပါနှင့်**" (ဝန်ကြီး ပဒေသရာဇာ၊ ၂၀၁၇၊ စာ ၃၁၃)ဟုလည်းကောင်း ဖွဲ့ဆိုထားပါသည်။ လူမှုပေါင်းသင်း ဆက်ဆံရေး နည်းများကိုပါ မှတ်သားလိုက်နာဖွယ်အဖြစ် ထည့်သွင်းရေးဖွဲ့သော စာဆို၏ စေတနာကိုပါ တွေ့မြင်နိုင်ပါသည်။

မူလဇာတ်ဝတ္ထုတွင် ဗာရာဏသီပြည်ကိုပြန်ရာလမ်း၌ စိရပဘာမင်းသမီးမှာ ခရီးပန်းသောကြောင့် မင်းသားသည် မဏိကက်မြင်းကိုစေတ္တနားစေရာ ဘီလူးပိုင်သောအရပ်တွင် နားကြမိလေသည်။ ဇရပ်တွင်နားခိုရင်း မဏိကက်မြင်းနှင့် ကန္တရဘီလူးတို့ စစ်တိုက်ကြရာ မဏိကက်မြင်းသည် ရှုံးနိမ့်ကာ ဘီလူးခေါ် ရာသို့ပါသွားခဲ့ကြောင်းကို "**မဏိကက်နှင့် ကန္တရဘီလူးတို့သည် ကောင်းကင်သို့တက်ကာ စစ်တိုက်ကြသည်။ ဘီလူးသည် အမျိုးမျိုးသော ကြောက်မက်ဖွယ်တို့ကိုပြပြီးလျှင် ခြေနှစ်ဖက်ဖြင့်မြင်းကို ကန်ပစ် လေသည်။ မြင်း၏ခံတွင်းမှသွေးများပန်းစီးကျလာလေသည်။**" (ဇင်းမယ်ပဏ္ဏာသ၊ ၂၀၁၄၊ စာ ၁၅၀) ဟုဖော်ပြထားသည်။ ပျို့တွင်မူ "**ဇရပ်သခင်၊ ခေါ်တွင် နာမ၊ ဇေတမည်သော၊ ဘီလူးလာ၍၊ အသာမညာ၊ မြင်းလူရှုကို၊ ပျော်ကြစဉ်သာ၊ မကြာလျင်လျား၊ ယူလေသွားပြီး၊ တောကြီးမြိုင်ချောင်၊ သံချိုင့်လှောင်၍၊ မြဲနှောင်ချည်ထွေ၊ ထားသိုလေ၏။**" (ဝန်ကြီး ပဒေသရာဇာ၊ ၂၀၁၇၊ စာ ၃၁၉) ဟုရေးဖွဲ့ထားသည်။ ဇာတ်လမ်းကို ချုံ့ကာ ရေးဖွဲ့ထားသည်ကို လည်းတွေ့ရပါသည်။

ထို့နောက်သတ္တာခနေဇာတ်တွင် မင်းသားနှင့်မင်းသမီး သဘော်မှောက်၍ တစ်နေရာစီ ကွဲကွာသည့်အခါ မင်းသမီးသည်မင်းသားကို တမ်းတ၍ငိုကြွေးပုံကို ရိုးရှင်းစွာရေးသား ဖော်ပြထားသော်လည်း ပျို့တွင်မူ မင်းသမီး၏ ခံစားချက်ကို

> **ဆွေပေါင်းမျိုးပုံ၊ ဝန်ရံများဖြင်၊ ဘရှင်ပင်နှင့်၊ မရှင်တို့ကို၊ ကြည်ညိုချစ်လှေ့၊ ကြပတော့ကို၊ အောင်းမေ့ဖွယ်သော်၊ လွမ်းလိုက်သော်မှ၊ ညှိုးယော်ခွေမြန်း၊ မပူလွန်းဘူး၊ ထိပ်တန်းထိပ်တင်၊ မြင်းပျံရှင်ကို၊ ဝမ်းတွင်စေ့ရာ၊ လွမ်းသည် မှာကား၊ သည်းချာဂလိုင်၊ ဦသို့တိုင်၍၊ ဆွယ်ပြိုင်မနီး၊ ဝီစိမီးမှ၊ ညီးညီး တောက်ပ၊ မတူမျှခဲ့၊ လောကခေါင်ချာ၊ စိုးမည်လျာသည်၊ မြင်ပါလှည့်လား မယ်ထိပ်ထား။** (ဝန်ကြီး ပဒေသရာဇာ၊ ၂၀၁၇၊ စာ ၃၂၁)

ဟူ၍ ယခုကဲ့သို့ကြုံတွေ့ရစဉ် မိခင်ဖခင်တို့ကို အောက်မေ့မိသော်လည်း မိမိ၏မောင်တော်အပေါ်တွင် သတိရ အောက်မေ့ရာတွင်ခံစားရသော ဝေဒနာသည်မတူပါကြောင်း၊ မိမိ၏ခင်ပွန်းသည်အပေါ်တွင် လွမ်းဆွတ်သောခံစားချက်မှာ အဝီစိငရဲတွင် တညီးညီးတောက်ခံနေရသကဲ့သို့ ခံစားနေရကြောင်းကို အပြောက်အမွမ်းဖြင့် ဖွဲ့ဆိုထားသည်ကိုတွေ့ရပါသည်။ ထို့သို့ မင်းသမီး၏ခံစားချက်တို့ကို အပြောက်

အမွှမ်းခြယ်ကာ ဖွဲ့ဆိုထားသောကြောင့် စာဖတ်ပရိသတ်၏ ဇာတ်လမ်းအပေါ်ထားရှိသော စိတ်အလျဉ်ကို ပြတ်မသွားစေဘဲ စိတ်ဝင်စားဖွယ်ရေးဖွဲ့ထားနိုင်သည်ကို တွေ့ရပါသည်။

ထို့နောက် သတ္တာခနေဇာတ်တွင် မင်းသားသည် အဉ္စနဝတီဘီလူးမနှင့် ပေါင်းသင်းနေထိုင်ပုံ၊ ဘီလူးမ၏အကူအညီဖြင့် မဏိကက်မြင်းကိုပြန်လည်ရရှိပုံ၊ ဘီလူးမကိုထားခဲ့ကာ မင်းသားသည် မြင်းကိုယူ၍ ထွက်လာပုံ၊ မင်းသားနှင့်မင်းသမီးတို့ပြန်လည်ဆုံတွေ့ပုံ၊ ဗာရာဏသီပြည်သို့ မင်းသားနှင့် မင်းသမီးရောက်ရှိသွားပုံ၊ မင်းသားဘိသိက်မြှောက်ပုံ၊ ဘီလူးမအားသွားရောက်ခေါ်ယူပုံ၊ ဘီလူးမ၏ အစ်ကိုဖြစ်သူ ကန္တရဘီလူးကို မင်းသားဆုံးမစကားပြောပုံ၊ အဉ္စနဝတီဘီလူးမကို ခေါ်ဆောင်၍ မင်းသား တိုင်းပြည်သို့ပြန်လာပုံဖြင့် ဇာတ်သိမ်းထားသည်။

ပျို့တွင်မူ ထိုဇာတ်ခန်းတို့ကိုချုံ့၍ ဖွဲ့ဆိုထားသည့်အပြင် မင်းသားသည် သီရိမြတ်စွာ မင်းသမီးနှင့် ဝေဘာသီရိဘီလူးမကို ဝေါယာဉ်ဖြင့် တစ်ပြိုင်တည်းခေါ်ဆောင်ကာ ဗာရာဏသီ ပြည်သို့ပြန်ခဲ့ကြောင်း၊ ထို့နောက် သက်ဆိုင်ရာနန်းဆောင်တော်များတွင် သီးခြားထားရှိကြောင်းဖြင့် ပျို့ဇာတ်လမ်းကို အဆုံး သတ်ထားသည်ကိုတွေ့ရပါသည်။

မဏိကက်ပျို့တွင် စာဆိုသည် ဇင်းမယ်ပဏ္ဏာသလာ သတ္တာခနေဇာတ်ကိုရေးဖွဲ့တွင် မူလဇာတ် ဝတ္ထုပါ ဇာတ်လမ်းကို ချဲ့၍အပြောက်အမွှမ်းဖြင့်တန်ဆာဆင်ရေးဖွဲ့ခြင်းများရှိသကဲ့သို့ ချုံ့၍ရေးဖွဲ့ထား သောဇာတ်ခန်းများလည်း ရှိကြောင်းတွေ့ရပါသည်။ အပြောက်အမွှမ်းများဖြင့် ချဲ့ထွင်ရေးဖွဲ့ထား သောကြောင့် ဇာတ်လမ်းအပေါ် စာဖတ်ပရိသတ်သည် ပို၍စိတ်ဝင်စားမှုရှိလာစေသကဲ့သို့ ဇာတ်လမ်း အဖြစ် အပျက်များကို စိတ်မျက်စိထဲတွင် အသေးစိတ်မြင်ယောင်ခံစား လာရပါသည်။

**ဇာတ်ဆောင်အပြောက်အမွှမ်း**

မဏိကက်ပျို့တွင် အဓိကဇာတ်ဆောင်များမှာ မဟာရာဇာဓိပတိမင်းကြီး၊ အတုလဒေဝီ မိဖုရားကြီး၊ မဟာသီဟသူရမင်းသား၊ မဏိကက်မြင်း၊ သေဋ္ဌမင်းကြီးနှင့်မိဖုရား၊ သီရိမြတ်စွာ မင်းသမီး၊ တေဇဘီလူး၊ မင်းဝေဘာ (ခ) ဝေဘာသီရိဘီလူးမတို့ဖြစ်ပါသည်။ ထိုဇာတ်ဆောင်တို့ကို အားပြုကာ ဇာတ်လမ်းကို ရေးဖွဲ့ထားကြောင်း တွေ့ရပါသည်။ ဇင်းမယ်ပဏ္ဏာသဇာတ်တော်တွင် ဦးစွာဇာတ်ဆောင် တို့ကို မိတ်ဆက်တင်ပြရာ၌ "**ဗာရာဏသီပြည် ဗြဟ္မဒတ်မင်းကြီး၏ မိဖုရားကြီး ကေသနီသည် တစ်သောင်းခြောက်ထောင်သော မောင်းမမိဿံအခြွေအရံ မိဖုရားငယ်တို့၏ မိဖုရားခေါင်ကြီး ဖြစ်လေ သည်**" (ဇင်းမယ်ပဏ္ဏာသ၊ ၂၀၁၄၊ စာ ၁၄၉) ဟုဖော်ပြထားသည်။ မဏိကက်ပျို့တွင်မူ

**ရှေးသရောခါ၊ ဗာရာဏသီ၊ ခေါ်ညီမည်သာ၊ ပြည်ကြီးစွာ၌၊ မဟာရာဇာဓိပတိ၊ မည်တော်**
**ရှိသား၊ ကျော်သိလွှံ့ပတ်၊ ထိုမင်းမြတ်သည်၊ ကျင့်ဝတ်ဆယ်ပါး၊ မင်းတရားနှင့်၊**
**မမှားညီစွာ၊ ရိပ်ဖြူကာ၍၊ တောင်ညာထွက်ကား၊ မိဖုရားကြီး၊ ညီးညီးတောက်ပ၊**
**ဆင်းနတ်မျှထား၊ အတုလဒေဝီ၊ တွင်ညီမည်သာ** (ဝန်ကြီးပဒေသရာဇာ၊၂၀၁၇၊ စာ၂၉၀)

ဟုဖွဲ့ဆိုထားသည်။ ဇာတ်တော်တွင် ရိုးရှင်းစွာ ဇာတ်ဆောင်တို့နှင့် မိတ်ဆက်တင်ပြထား သော်လည်း ပျို့တွင်မူ မဟာရာဇာဓိပတိမင်းကြီးသည် မင်းကျင့်တရား(၁၀)ပါးနှင့်အညီ အုပ်ချုပ်မင်းပြုကြောင်း၊ ထို မင်း၏သတင်းသည် ဗာရာဏသီပြည်နှင့် ဆက်စပ်သော ရပ်ဝန်းအနှံ့အပြားထိ ဂုဏ်သီတင်း ကျော်ဇော

ထင်ရှားကြောင်း၊ တောင်နန်းအရာထားရသော မင်းကြီး၏ အတုလဒေဝီ မိဖုရားခေါင်ကြီးမှာလည်း နတ်အဆင်းတမျှလှပကြောင်း၊ ဗာရာဏသီပြည်တွင် အုပ်ချုပ်သောမင်းကြီးနှင့် မိဖုရားခေါင်ကြီးတို့၏ အချင်းရောအဆင်းပါပြည့်စုံကြောင်း တန်ဆာဆင်ဖွဲ့ဆို ထားသည်ကို တွေ့ရပါသည်။

ထို့ပြင် ရှင်ဘုရင်အပါးတွင် ခစားရသော ကိုယ်လုပ်တော်မောင်းမတို့၏ အဆင်းကိုလည်း မဏိကက်ပျို့တွင် "**ရွှေသားသီရိ၊ ညှို့စိဂွမ်းသွင်၊ ရွှေစင်သီရိ၊ ဓာတိမြတ်စုံ၊ ရွှေဘုံသီရိ၊ ဖြူပြာအိသည်၊ သီရိရွှေစင်၊ နတ်ပင်ထင်မိ၊ သီရိရွှေသား၊ မပြားဓာတိ၊ သီရိရွှေဘုံ၊ နိတုံစတော၊ ပုံသွန်းပေသို့၊ သရေစံထား၊ သည်ခြောက်ပါးနှင့်**" (ဝန်ကြီးပဒေသရာဇာ၊၂၀၁၇၊ စာ၂၉၀) ဟုဖွဲ့ဆိုထားသည်။ မောင်းမမိဿံ အပေါင်းတို့သည် ဝါဂွမ်းကဲ့သို့ နူးညံ့သောအသား အရည်ရှိသူ၊ အသားအရေမှာ ဖြူလွန်းခြင်း ပြာလွန်းခြင်း မရှိဘဲ အသားရောင်ကောင်းမွန်သူ၊ နတ်သမီးပင် ထင်မှတ်မှားလောက်အောင်လှပသူ၊ နတ်သမီးကဲ့သို့ ပုံသွင်းထားသကဲ့သို့ ကျက်သရေရှိသူ၊ အပြစ်ခြောက်ပါးကင်းသော သူလေးများဖြစ်ကြောင်းကို အသေး စိတ် အပြောက်အမွမ်း ဖွဲ့ဆိုထားသည်ကို တွေ့နိုင်သည်။

ထို့ပြင် မူလဇာတ်တော်တွင် သတ္တခနုမင်းသား၏ အဆင်းသဏ္ဌာန်ကိုဖော်ပြရာတွင် "မိဖုရားကြီးသည် ဆယ်လလွန်သော် ရွှေအဆင်းနှင့်တူသော သားတော်ကိုဖွားမြင်သည်။" (ဇင်းမယ် ပဏ္ဏာသ၊ ၂၀၁၄၊ စာ၁၅၁) ဟုရေးသားထားသည်။ မဏိကက်ပျို့တွင် မင်းသား၏တင့်တယ်ပုံနှင့် ဘုန်းတန်ခိုးကိုဖွဲ့ရာတွင် "**ဘုန်းကြူးသည့်ရှင်၊ မယ့်ထိပ်တင်မှာ၊ ရွှေစင်မပြား၊ ကိုယ်တော်သားနှင့်၊ ဝတ်စားကိုယ်ရောင်၊ ဝင်းဝင်းပြောင်သည်၊ တန်ဆောင်မီးဝါ၊ ညိုပြာမြသွယ်၊ ကြယ်ပျံ့နှယ်သို့၊ တကယ်ပင်ပ၊ မိုးတိမ်ဝမှာ၊ မြင်ရတော့သည်၊ ထွတ်ဘုန်းစည်သည်၊ နှုန်းရည်မရတင့်တယ်လှ**"(ဝန်ကြီးပဒေသရာဇာ၊ ၂၀၁၇၊ စာ၂၉၄) ဟုလည်းကောင်း၊ မင်းသားမှာ သိကြားမင်းပေးသော ဘုန်းရှင်ဖြစ်ကြောင်းကိုလည်း မဏိကက် ပျို့တွင် "**ရှစ်မည်သီလ၊ အနိစ္စကို၊ နိစ္စဆောက်တည်၊ ကုသိုလ်ရည်၍၊ တောင်းသည် မှန်စွာ၊ ပတ္တနာကြောင့်၊ ဣန္ဒာသက္က၊ ပေး၍ရသည်၊ သားလှရွှေတုံး၊ မိပန်းကုံးငယ်**" (ဝန်ကြီးပဒေသရာဇာ၊ ၂၀၁၇၊ စာ ၂၉၆) ဟုလည်းကောင်းဖွဲ့ဆိုထားသည်။ မဟာသီဟသူရမင်းသားသည် ရွှေစင်ကဲ့သို့ဝင်းဝါသော အသားအရေ ရှိကာ ဝတ်ဆင်သောဝတ်စားတန်ဆာတို့မှာလည်း ဝင်းလဲ့တောက်ပြောင်နေသည်မှာ မီးရှူးတန်ဆောင် ထွန်းထားသကဲ့သို့ တင့်တယ်စွာရှိကြောင်းနှင့်၊ မင်းသားသည် (၈)ပါးသော သတင်း သီလဆောက်တည်၍ သိကြားမင်းထံ ဆုပန်ကာရလာသော သားဖြစ်ကြောင်း၊ မင်းသား၏ဘုန်းတန်ခိုးကို အပြောက်အမွမ်းခြယ် ဖွဲ့ဆိုထားသည်ကို တွေ့ရသည်။

ဇင်းမယ်ပဏ္ဏာသဇာတ်တွင် သတ္တခနုမင်းသား၏ အရည်အချင်းများကို သေတမင်းကြီး သိတော်မူသောအခါ သမီးတော်စီရပဘာနှင့် ထိမ်းမြားလက်ထပ်ပေးခဲ့သည်။ မင်းသားသည် မင်းသမီးနှင့် လပေါင်းများစွာနေပြီးသောအခါ မယ်တော်ကိုသတိရ၍ငိုကြွေးသည်။ ထို့နောက် မိမိတိုင်းပြည်ပြန်လို ကြောင်း သေတမင်းကြီးထံခွင့်ပန်ကာ စီရပဘာမင်းသမီးကိုခေါ်ဆောင်၍ ဗာရာဏသီပြည်သို့ ပြန်ခဲ့ ကြောင်း ဖော်ပြထားသည်။ ထိုဇာတ်ခန်းတို့တွင် မင်းသားနှင့်အပြိုင် ဇာတ်ဆောင်ပုဏ္ဏားမပါဝင် သော်လည်း မဏိကက်ပျို့တွင်မူ သေဋ္ဌမင်းကြီး၏ မင်းသားအပေါ် အငြိုးထားသော အပြိုင်ဇာတ်ဆောင် ပုဏ္ဏားကိုထည့်ထားသည်။ မင်းကြီး၏ သက်တော်ပြည့်အလှူတွင် ပုဏ္ဏားသည် ကြက်ငှက်တစ်ရာစီ သတ်၍ ပူဇော်သင့်ကြောင်းမင်းကြီးကို လျှောက်တင်သည်။ ထိုအယူအဆကို မင်းသားသည်လက်မခံခဲ့

ပေ။ သူတစ်ပါးအသက်ကို သတ်၍ကောင်းကျိုး ခံစားရမည်ဆိုပါက မိမိကိုယ်ကိုယဇ်ပူဇော်၍ နတ်ပြည် သာစံသင့်ကြောင်းပြောလေသည်။ ထို့ကြောင့်ပုဏ္ဏားသည် မင်းသားအပေါ် ရန်ငြိုးထားကြောင်းကို မဏိကက်ပျို့တွင် "**ရန်အားကြီးထူ၊ ထိုအယူကို၊ ကလူနှိပ်စက်၊ ဖျက်လည်းဖျက်ဆီး၊ အစီးအပွား၊ တို့အိုများကို၊ ဆုံးပါးစိမ့်ထွေ၊ ပြုရလေသည်၊ ရှိစေနှင့်ဦး၊ မနေဘူးဟု၊ ဟူးဟူးမျက်အား၊ အငြိုးထားလျက်၊ မှတ်သားမြဲခွေ၊ စောင့်နေလေ၏**" (ဝန်ကြီးပဒေသရာဇာ၊ ၂၀၁၇၊ စာ ၃၀၃) ဟုဖွဲ့ဆိုထားသည်။ မဏိကက်ပျို့တွင် မင်းသားနှင့်အပြိုင် ဇာတ်ဆောင်ကိုထည့်သွင်းကာ ပဋိပက္ခကို ဖြစ်စေခြင်းဖြင့် အဓိက ဇာတ်ဆောင်မင်းသား၏စရိုက်မှာ ပို၍ပေါ်လွင်လာသည့်အပြင် ဇာတ်လမ်းမှာ လည်းပို၍ စိတ်ဝင်စားဖွယ် ဖြစ်လာရကာ ထိုပဋိပက္ခများအပေါ် စာဖတ်သူသည် သိလိုမှုအရှိန် မြင့်တက်လာစေပါသည်။

ထို့နောက် မင်းကြီးသည် သမီးတော်နှင့်အတူ မင်းသားကို မိမိတိုင်းပြည်သို့ ပြန်ခွင့်ပေး သည်ဟု မူလဇာတ်ဝတ္ထုတွင် ရိုးရှင်းစွာဖော်ပြထားသည်။ မဏိကက်ပျို့တွင်မူ မင်းကြီးနှင့် မိဖုရားကြီးတို့သည် သမီးတော်သီရိမြတ်စွာနှင့် မဟာသီဟသူရမင်းသားကို မိဘတို့ဝတ္တရားနှင့်အညီ မှာကြားဆုံးမ ဩဝါဒများ မှာကြားပုံကို ပျို့တွင်အကျယ်တဝံ့ရေးဖွဲ့ထားကြောင်းတွေ့ရသည်။ မဏိကက်ပျို့တွင် မိန်းမကောင်း ဝတ္တရား(၆)ပါးနှင့်အညီ နေထိုင်သင့်ပုံကို "**မယ်လှမောင်တော်၊ ချစ်မွေ့လျော်အောင်၊ သူတော်သူကောင်း၊ မိန်းမကောင်းတို့၊ ကျင့်ကြောင်းတရား၊ ဝတ်ခြောက်ပါးလည်း၊ မမှားမသွေ၊ မြဲပါစေဟု**" (ဝန်ကြီး ပဒေသရာဇာ၊ ၂၀၁၇၊ စာ ၃၀၇) ဟုလည်းကောင်း၊ တိုင်းပြည်တွင် အယုတ်အလတ်အမြတ်မရွေး ပေးကမ်းမှသာ အောင်မြင်ခြင်း၏ အရင်းအမြစ်မှန် ဖြစ်ကြောင်းကို "**စိမ်းမှည့်မရွေး၊ အပေးအကမ်း၊ ရဲစွမ်းပါစေ၊ ပေးဝေသော်လည်း၊ အနည်းဖြစ်စေ၊ များဖြစ်စေပင်၊ တွက်ရေရမှု၊ သာမပြုနှင့်၊ တစ်ခုဆိုတန်၊ မွန်မွန်ရည်ရည်၊ တထည်ဆိုထိုက်၊ နှစ်ခြိုက်ရွှင်ပျ၊ သုံးစွဲရအောင်၊ မယ်လှပေးပါ။**" (ဝန်ကြီး ပဒေသရာဇာ၊ ၂၀၁၇၊ စာ ၃၀၆) ဟုလည်းကောင်း၊ ချီးကျူး မြှောက်စားခံရသော သူတို့အပေါ်ဝန်တိုမှု မထားသင့် ကြောင်းကို

> **လူစုထူးထူး၊ ဝန်ဝင်းမှူးနှင့်၊ ချီးကျူးထင်ပေါ်၊ မြှောက်စားသော်လည်း၊ မလျော်ငင်ချိတ်၊ ဝန်တိုစိတ်သည်၊ တဆိတ်စာမျှ၊ မယ်လှမသာ၊ မရှိပါနှင့်၊ မေတ္တာယဉ်နု၊ ဝမ်းသာမှုသာ၊ ပြုပါရွှေခဲ၊ ဘလည်ရွဲသည်၊ မြဲမြဲမှတ်ထား၊ ဘစကား** (ဝန်ကြီးပဒေသရာဇာ၊ ၂၀၁၇၊ စာ ၃၀၈)ဟုလည်းကောင်း၊

မိဖုရားကြီးသည် သမီးဖြစ်သူကိုမှာကြားရာတွင် မိဖုရားကြီး၊ မိဖုရားလတ်၊ မိဖုရားငယ် အသွယ်သွယ် တို့၏ အကြိုက်စရိုက်တို့ကို သိရမည်ဖြစ်ကြောင်းစသည်ဖြင့် တန်ဆာဆင်ဖွဲ့ဆိုထားသည်ကို တွေ့ရ သည်။

ထို့နောက်သတ္တမနေ့ဇာတ်တွင် မင်းသားနှင့်မင်းသမီး သင်္ဘောမှောက်၍ တစ်နေရာစီ ကွဲကွာ သည့်အခါ မင်းသမီးသည်မင်းသားကို တမ်းတ၍ငိုကြွေးပုံကို **စီရပဘာသည် ကမ်းပေါ်သို့ရောက်ပြီး" နောက် မင်းသားကိုမတွေ့သဖြင့်တစ်ယောက်တည်း အားငယ်ခြင်း၊မင်းသားအတွက် စိုးရိမ်သောက ဖြစ်ခြင်း တို့ကြောင့် ငိုကြွေးလေသည်။**(ဇင်းမယ်ပဏ္ဏာသ၊ ၂၀၁၄၊ စာ ၁၆၀) **"**ဟုဖော်ပြထား သော်လည်း မဏိကက်ပျို့တွင်မူ မင်းသမီး၏ ခံစားချက်ကို

> **ဆွေပေါင်းမျိုးပုံ၊ ဝန်ရုံများဖြင်၊ ဘရှင်ပင်နှင့်၊ မရှင်တို့ကို၊ ကြည်ညိုချစ်လေ့၊ ကြပတေ့ကို၊ အောင်းမေ့ဖွယ်သော်၊ လွမ်းလိုက်သော်မှ၊ ညှိုးယော်ခွေမြန်း၊ မပူလွန်းဘူး၊ ထိပ်တန်း ထိပ်တင်၊ မြင်းပျံရှင်ကို၊ ဝမ်းတွင်စေ့ရာ၊ လွမ်းသည်မှာကား၊ သည်းချာဂလိုင်၊ ဦးသို့တိုင်၍၊ ဆွယ်ပြိုင်မနီး၊ ဝီစိမီးမှ၊ ညီးညီး တောက်ပ၊ မတူမျှခဲ့၊ လောကခေါင်ချာ၊ စိုးမည်လျာသည်၊ မြင်ပါလှည့်လား မယ်ထိပ်ထား။** (ဝန်ကြီး ပဒေသရာဇာ၊ ၂၀၁၇၊ စာ ၃၂၁)

ဟူ၍ ယခုကဲ့သို့ကြုံတွေ့ရစဉ် မိခင်ဖခင်တို့ကို အောက်မေ့မိသော်လည်း မိမိ၏ မောင်တော်အပေါ် တွင် သတိရအောက်မေ့ရာတွင်ခံစားရသော ဝေဒနာသည်မတူပါကြောင်း၊ မိမိ၏ ခင်ပွန်းသည် အပေါ်တွင် လွမ်းဆွတ်သောခံစားချက်မှာ အဝီစိငရဲတွင် တညီးညီးတောက်ခံနေရသကဲ့သို့ ခံစား နေရကြောင်းကို အပြောက်အမွမ်းဖြင့် ဖွဲ့ဆိုထားသည်ကိုတွေ့ရပါသည်။ ထို့သို့မင်းသမီး၏ ခံစားချက်တို့ကို အပြောက် အမွမ်းခြယ်ကာ ဖွဲ့ဆိုထားသောကြောင့် စာဖတ်ပရိသတ်ကို ရှေ့ဆက်မည့် ဇာတ်လမ်းအပေါ် သိလိုစိတ်များဖြစ်စေခဲ့ပါသည်။

ဇင်းမယ်ပဏ္ဏာသဇာတ်တွင် အဠနဝတီဘီလူးမသည် မင်းသား၏အမည်ကို ကြားခြင်းဖြင့် နှစ်သက်ခြင်းဖြစ်သည်ဟုသာ ဖော်ပြထားသည်။ သို့သော်မဏိကက်ပျို့တွင်မူ ဝေဘာသီရိဘီလူးမ၏ ခံစားရသော ခံစားချက်ကို

> **ဝေဘာသီရိ၊ မြင်သည်ရှိသော်၊ ပီတိအလွှံ့၊ ကိုယ်လုံးနှံ့လျက်၊ မြှော်အံ့မောကာ၊ မနည်းကြာမှ၊ တပ်ရာဂစိတ်၊ ချစ်နိမိတ်ကို၊ မပိတ်ပင်တိုင်၊ ဂလိုင်ဝမ်းတွင်၊ လှိုက်လျက်ပင်လျှင်၊ မင်းရှင်ဖြူဝါ၊ ထိပ်ထားရာကို၊ ဟိုမှာထူပြား၊ ယောကျ်ား တယောက်၊ နေလှာရောက်သည်။** (ဝန်ကြီးပဒေသရာဇာ၊ ၂၀၁၇၊ စာ ၃၂၆)

ဟုဖွဲ့ဆိုထားသည်။ ဘီလူးမ၏ရင်တွင်းခံစားချက်များကို အနုစိတ်ရေးဖွဲ့ထားသည့် အပြောက် အမွမ်း အဖွဲ့ကို လေ့လာတွေ့ရှိရသည်။ ဘီလူးမနှင့်မင်းသားတို့၏ ရှေ့ဖြစ်လာမည့် ဇာတ်လမ်း အလားအလာ ကိုလည်း သိလိုစိတ်များဖြစ်ပေါ်လာစေပါသည်။ မင်းသားနှင့်မင်းသမီးတို့ စီးနင်းသော သင်္ဘောရှင်၏ အမည်၊ လှေဆိပ်နာမည်တို့ကို မူလဇင်းမယ်ပဏ္ဏာသဇာတ်တွင် ဖော်ပြမထားသော်လည်း မဏိကက်ပျို့ တွင်မူ သင်္ဘောပိုင်ရှင်မှာ နာဝါပတိအမည်ရှိကြောင်းနှင့် လှေဆိပ်မှာ ဖိနပတ္တာအမည် ရှိကြောင်းတို့ကို အတိအကျထည့်သွင်း ရေးဖွဲ့ထားသည်ကိုတွေ့ရ ပါသည်။

စာဆိုသည် မဏိကက်ပျို့တွင် ဇာတ်ဆောင်များကိုရေးဖွဲ့ရာ၌ ဇင်းမယ်ပဏ္ဏာသ ဇာတ်ထက်ပို၍ အနုစိတ်ရေးဖွဲ့ထားကြောင်းတွေ့ရသည်။ စာဆို၏ဇာတ်ဆောင်အပြောက်အမွမ်း အဖွဲ့များကြောင့် စာဖတ်သူတို့သည် ပျို့ဇာတ်လမ်းအပေါ်ပို၍ စိတ်ဝင်စားမှုရှိလာကာ ဇာတ်လမ်းနောက်သို့ လိုက်ပါလာခဲ့ ကြသည်။ ဇာတ်ဆောင်တို့ကို အပြောက်အမွမ်းခြယ်ရာတွင် သဘာဝကျစွာ ရေးဖွဲ့ထားနိုင်သည်ကို တွေ့ရသည်။

**နောက်ခံဝန်းကျင်အပြောက်အမွမ်း**

ပျို့တွင် နောက်ခံဝန်းကျင်သည်လည်း အရေးပါလှပါသည်။ နောက်ခံဝန်းကျင်သည် ဘုရားဟော ဇာတ်လမ်း၊ ဇင်းမယ်ပဏ္ဏာသဇာတ်လမ်းများတွင် ပါသည်ဆိုရုံမျှသာ ဖော်ပြကြသည်။ ပျို့စာဆိုတို့သည် ပျို့အဖြစ်ပြန်လည်ရေးဖွဲ့ရာတွင် ဝေဝေဆာဆာရေးဖွဲ့လေ့ရှိကြောင်း တွေ့ရပါသည်။ ဇင်းမယ်ပဏ္ဏာသ

ဇာတ်တွင် ဒေသနောက်ခံအဖြစ် ဗာရာဏသီပြည်ကို ဖော်ပြရာတွင်“**ဗာရာဏသီ ပြည် ဗြဟ္မဒတ်မင်းကြီး၏ မိဖုရားကြီးကေသနီသည် တစ်သောင်းခြောက်ထောင်သော မောင်းမ မိသံ အခြွေအရံမိဖုရားငယ်တို့၏ မိဖုရားခေါင်ကြီးဖြစ်လေသည်**” (ဇင်းမယ်ပဏ္ဏာသ၊ ၂၀၁၄၊ စာ ၁၄၉)ဟုရေးသားထားသည်။ မဏိကက်ပျို့တွင်မူ ဗာရာဏသီပြည်ကြီးတွင် အသီးအနှံများ ပေါကြွယ်ဝ ကြောင်းကို “**စိမ်းမြပင်စဉ်၊ ဥယျာဉ်သာပျော်၊ စံပါယ်သော်လည်း၊ ကိုယ်တော်မကင်း၊ ထံတော်ရင်းတွင်၊ ကြိုင်သင်းမွှေးလွန်၊ ပန်းမန်သစ်သီး၊ ဖြင်ညီးလိုရာ၊ ရွေးကာယူငင်၊ ပန်ဆင်ဆွတ်စား၊ ပျော်ပါးပေရ၊ တင့်တယ်လှ၏**” (ဝန်ကြီးပဒေသရာဇာ၊ ၂၀၁၇၊ စာ ၂၉၃) ဟုရေးဖွဲ့ထားသည်။ ပန်းမန် သစ်သီးများမှာ ပေါကြွယ်ဝသကဲ့သို့ မွှေးကြိုင်သောပန်များ ကိုအလိုရှိသလို ပန်ဆင်နိုင်ကာ သစ်သီးများကိုလည်း အလိုရှိတိုင်းဆွတ်ယူ စားသုံးနိုင်ကြောင်း၊ သာယာတင့်တယ်ကြောင်း အပြောက်အမွမ်းခြယ် ဖွဲ့ဆို ထားသည်ကိုတွေ့ရသည်။

ထို့နောက် ဇင်းမယ်ပဏ္ဏာသဇာတ်တွင် ဒေသနောက်ခံအဖြစ် သေတမြို့ကို ဖော်ပြရာတွင် “သတ္တုဓနုသည် မျက်ရည်စက်လက်ဖြင့် လိုက်ပါသွားရာ သေတမြို့သို့ရောက်သွားလေသည်။ သေတမြို့တွင် သေတမင်း မင်းပြု၍ မိဖုရားကြီးကား ပဒုမဂဗ္ဘာအမည်ရှိသည်” (ဇင်းမယ်ပဏ္ဏာသ၊ ၂၀၁၄၊ စာ ၁၅၂) ဟုရေးသားဖော်ပြထားသည်။ ဒေသနောက်ခံမြို့ကိုဖော်ပြရာတွင် ရိုးရှင်းစွာရေးသားဖော်ပြထားကြောင်း တွေ့ရသည်။ မဏိကက်ပျို့တွင်

> **မိုးဝတိမ်ခြေ၊ ပုံကြလေသော်၊ ရေတိပြောကျယ်၊ သမုဒ်လယ်တွင်၊ ပျော်ဘွယ် ပျိုနု၊ ကျွန်းတခုကို၊ ကြည့်ရှုခိုက်ပ၊ မြင်ခဏဝယ်၊ ရွှရွှမွှေ့ညက်၊ မြင်းနှင့်သက်၍၊ တောနက်မြိုင်သာ၊ လူကွယ်ရာ၌၊ ရေရာငုံထွေ၊ နေတိုနေပြီး၊ ညဥ့်သန်နီးသော်၊ ယည်ကြီးငှက်သွင်၊ မြင်းနှင့်ပင်သာ၊ ပုံကြွလှာ၍၊ ပြည်သာသေဋ္ဌ၊ နဂရကို၊ ပတ်မျှလည်လှည့်၊ တွင်းပြင်ကြည့်၍** (ဝန်ကြီးပဒေသရာဇာ၊ ၂၀၁၇၊ စာ၃၀၀)

ဟုဖွဲ့ဆိုထားသည်။ မဟာသီဟသူရမင်းသား မြင်းပျံနှင့်ရောက်လာရာတွင် ဦးစွာ တောတစ်နေရာတွင် နားကြောင်း၊ ညအချိန်ရောက်သောအခါ မြင်းနှင့်ပျံကြွ၍ သေဋ္ဌမြို့သို့ဝင်ရောက်ကြည့်ကြောင်း၊ ထို့နောက် မင်းသမီး၏ အဆောင်တော်သို့ဝင်ကြောင်း စသည်ဖြင့် ရောက်ရှိရာအချိန်၊ နေရာဒေသတို့ကို အသေးစိတ် ရေးဖွဲ့ထားသည့် နောက်ခံဝန်းကျင် အပြောက်အမွမ်းအဖွဲ့ကို တွေ့နိုင်ပါသည်။

ဇင်းမယ်ပဏ္ဏာသဇာတ်တွင် သတ္တုဓနုမင်းသားနှင့် စီရပဘာမင်းသမီးတို့ ပြန်ရာလမ်းတွင် လေပြင်းမုန်တိုင်းကျ၍ လှေမှောက်သွားပုံကို “**လေအဟုန်သည် တဖြည်းဖြည်းပြင်းလာပြီးလျှင် လှေတို့သည် လှိုင်းထမ်းပိုးဒဏ်ကြောင့် လှေများနစ်မြုပ်ကြလေသည်။**” (ဇင်းမယ်ပဏ္ဏာသ၊ ၂၀၁၄၊ စာ ၁၅၉) ဟုဖော်ပြထားသည်။ သို့သော် မဏိကက်ပျို့၌ လေပြင်းကျရောက်ချိန်တွင် မှောက်လုနီးပါး တိမ်းစောင်း လှုပ်ခတ်နေသည့် သင်္ဘောကြီး၏မြင်ကွင်းကို “**နေ့ရေမမြင့်၊ သင်္ဘောလွှင့်သော်၊ ထပ်ဆင့်သီးစွာ၊ လေပြင်းလာ၍၊ ရောလှေကြီး၊ စောင်းဖီးစောင်းပင်း၊ ထန်ပြင်းခုန်ကြွ၊ မြှောက်၍ကျသော်**” (ဝန်ကြီးပဒေသရာဇာ၊ ၂၀၁၇၊ စာ ၃၂၀) ဟုလည်းကောင်း၊ “**ရောကစ၊ စပ်မစပ်ငယ်၊ သွယ်သွယ်ကကျိုးကျဲ၊ ဖြန်းဖြန်းကွဲ၍၊ သဲသောင်အဦမျှ၊ နစ်မွန်းကြသော်**” (ဝန်ကြီးပဒေသရာဇာ၊ ၂၀၁၇၊ စာ ၃၂၀) ဟုလည်းကောင်း ရေးဖွဲ့ထားသည်။ ပျို့တွင်လေပြင်းဒဏ်ကြောင့် ပျက်စီးနစ်မြုပ်သွားသော သင်္ဘောကြီး၏ မြင်ကွင်းသရုပ်ကို စာဆိုကစာဖတ်သူတို့၏စိတ်တွင် ထင်ယောင်မြင်ယောင် ဖြစ်လာစေရန် ရေပြင်၏

အခြေအနေသာမက လေဒဏ်ကြောင့် ယိမ်းထိုးခုန်ကြွနေသည့် သင်္ဘော၏သရုပ်ကို အနုစိတ်ရေးဖွဲ့ထား သည့် ကာလနောက်ခံ အပြောက်အမွမ်းကိုတွေ့နိုင်သည်။

မင်းသားနှင့်မင်းသမီး ဗာရာဏသီပြည်သို့ပြန်ရန်အတွက် သေဋ္ဌမင်းကြီးနှင့်အတူ မိဖုရားကြီးတို့ မှာကြားဆုံးမမှုများကိုထောက်၍ မင်းနှင့်ထီးနန်းဝန်းကျင်တွင် ဖြစ်လေ့ဖြစ်ထရှိသော လူမှုနောက်ခံ ဝန်းကျင်တို့ကို တွေ့မြင်နိုင်ပါသည်။ ဇင်းမယ်ပဏ္ဏာသဇာတ်တွင် ထိုအခန်းများ မပါဝင်သော်လည်း မဏိကက်ပျို့တွင် အပြောက်အမွမ်းအဖြစ် ရေးဖွဲ့ထားသည်ကို တွေ့ရသည်။ လူတန်းစား ခွဲခြားမှုမရှိဘဲ ပေးကမ်းစောင့်ရှောက်ခြင်းများ လုပ်ဆောင်မှသာ အကျိုးရမည်ဖြစ်ကြောင်း၊ မိန်းမကောင်း ဝတ္တရားများ ကို မြဲရမည်ဖြစ်ကြောင်း၊ ချီးကျူးမြှောက်စားခြင်းခံရသူကို မနာလိုဝန်တိုခြင်းမရှိရကြောင်း၊ ပြည်သူ ပြည်သားတို့အား စောင့်ရှောက်ရမည်ဖြစ်ကြောင်း၊ သင်္ဂဟတရား(၄)ပါးကို ပစ်ပယ်မထားသင့်ကြောင်း၊ မိဖုရားများသည်တစ်ဦးနှင့် တစ်ဦးသင့်မြတ်ရမည်ဖြစ်ကြောင်း၊ ကိုယ်လုပ်တော်မောင်းမများအပေါ် ကောင်းမွန်စွာ ဆက်ဆံရမည်ဖြစ်ကြောင်း၊ မိဖုရားတို့၏ ဝတ္တရားတို့ကို မြဲမြံစွာကျင့်ရမည် ဖြစ်ကြောင်း စသည်ဖြင့် နန်းတွင်းနောက်ခံနှင့်ပတ်သက်သော လူမှုနောက်ခံအပြောက်အမွမ်းများကို ရေးဖွဲ့ထား ကြောင်းတွေ့နိုင်သည်။ မဏိကက်ပျို့တွင် "**စိမ်းမှည့်မရွေး၊ အပေးအကမ်း၊ ရဲစွမ်းပါစေ၊ ပေးပေသော် လည်း၊ အနည်းဖြစ်စေ၊ များဖြစ်စေပင်၊ တွက်ရေရမှု၊ သာမပြုနှင့်၊ တစ်ခုဆိုတန်၊ မွန်မွန်ရည်ရည်၊ တစ်ထည်ဆိုထိုက်၊ နှစ်ခြိုက်ရွှင်ပျ၊ သုံးစွဲရအောင်၊ မယ်လှပေးပါ။" (ဝန်ကြီးပဒေသရာဇာ၊ ၂၀၁၇၊ စာ ၃၀၆)**ဟု လည်းကောင်း၊ "**မယ်လှမောင်တော်၊ ချစ်မွေ့လျော်အောင်၊ သူတော်သူကောင်း၊ မိန်းမကောင်း တို့၊ ကျင့်ကြောင်းတရား၊ ဝတ်ခြောက်ပါးလည်း၊ မမှားမသွေ၊ မြဲပါစေဟု**" (ဝန်ကြီးပဒေသ ရာဇာ၊ ၂၀၁၇၊ စာ ၃၀၇) ဟုလည်းကောင်း၊

> **လူတွင်အများ၊ ဆင်းရဲသားတို့၊ ကိုးစားစရာ၊ ဓမ္မတာသည်၊ အရာကြီးမှာ၊ မိဖုရားသာ၊**
> **ထင်ရှားဖြစ်သည်၊ မှတ်ဆောက်တည်လျက်၊ မည်သည်ဆောက်က၊ စုကျဆိုင်နက်၊**
> **သူဆိုင်ထွက်ဟု၊ မကွက်စိတ်နေ၊ ဖော်ရွေလှစွာ၊ ပေးကမ်းပါလေ့**
>
> (ဝန်ကြီးပဒေသ ရာဇာ၊ ၂၀၁၇၊ စာ ၃၀၉)

ဟုလည်းကောင်း၊ "**ချမ်းသာစီးပွား၊ နောင်သားမြေးမြစ်၊ အကျိုးဖြစ်ဟု၊ မပစ်တရား၊ ဆယ်ပါးစသည်၊ လေးမည်သင်္ဂဟ၊ ကျင့်ဆောင်မှလည်း၊ ကိုယ်ကစသည်၊ စည်ရှည်သားမြေး၊ နီးဝေးပြည်သူ၊ လူတို့ချမ်းသာ၊ ဖြစ်လိုရာ၏**" (ဝန်ကြီး ပဒေသရာဇာ၊ ၂၀၁၇၊ စာ ၃၁၀) ဟုလည်းကောင်း၊ "**မိဖုရားတို့၊ မှတ်သားစရာ၊ ဝတ်အင်္ဂါကို၊ လိမ္မာစေ့ရေ၊ မကျွမ်းပေခဲ့၊ ကြီးထွေအရာ၊ သူ့မှာထင်ရှား၊ မိဖုရားတို့၊ မူထားထွေသံ၊ ကျင့်ထုံးစံကို၊ မြဲမြံယူ၍၊ အင်စုံစေ့အောင်၊ ကျင့်လေ့ပါလေ**" (ဝန်ကြီး ပဒေသရာဇာ၊ ၂၀၁၇၊ စာ ၃၁၂) ဟုလည်းကောင်းရေးဖွဲ့ထားသည်ကိုတွေ့ရသည်။ ထိုသို့သောနန်းတွင်း လူမှုနောက်ခံ တို့ကို စုံလင်စွာ အပြောက်အမွမ်း ရေးဖွဲ့ထားသောကြောင့် နန်းတွင်းလူနေမှုအခြေအနေကိုပါ သိနိုင် သကဲ့သို့ ထိုခေတ်အခါက မင်းနှင့်မိဖုရားတို့ကျင့်ဆောင်လိုက်နာရမည့် အရေးအရာများကိုပါ မှတ်သား ဖွယ်ဖြစ်စေပါသည်။

စာဆိုသည် နောက်ခံဝန်းကျင်အပြောက်အမွမ်းများကို ရေးဖွဲ့ရာတွင် ကာလဒေသ၊ လူမှု အလျောက်လိုက်ဖက်သော နောက်ခံဝန်းကျင်တို့ကို ပီပြင်အောင်ရေးဖွဲ့နိုင်ကြောင်းတွေ့ရပါသည်။

နောက်ခံဝန်းကျင် အပြောက်အမွမ်းအဖွဲ့များသည် ပျို့ပါဇာတ်လမ်းနှင့် ဇာတ်ဆောင်ကိုပါ အထောက်အပံ့ပြုကြောင်း လေ့လာတွေ့ရှိရပါသည်။

## သုံးသပ်ချက်

ဤစာတမ်းသည် ဝန်ကြီးပဒေသရာဇာ၏ မဏိကကက်ပျို့မှအပြောက်အမွမ်းများကို လေ့လာထားသော စာတမ်းဖြစ်ပါသည်။ ဝန်ကြီးပဒေသရာဇာသည် ဇာတ်လမ်းကို အပြောက်အမွမ်းခြယ်ရာ တွင် စာဆိုသည် ဇင်းမယ်ပဏ္ဏာသလာ သတ္တခနေဇာတ်ကိုရေးဖွဲ့ရာတွင် မူလဇာတ်ဝတ္ထုပါ ဇာတ်လမ်းကို ချဲ့၍ အပြောက်အမွမ်းဖြင့်တန်ဆာဆင် ရေးဖွဲ့ခြင်းများရှိသကဲ့သို့ ချုံ့၍ ရေးဖွဲ့ထားသော ဇာတ်ခန်းများလည်း ရှိပါသည်။ အပြောက်အမွမ်းများဖြင့် ချဲ့ထွင်ရေးဖွဲ့သောကြောင့် ဇာတ်လမ်းအပေါ် စာဖတ်ပရိသတ်သည် ပို၍စိတ်ဝင်စားမှုရှိလာစေသကဲ့သို့ ဇာတ်လမ်းအဖြစ်အပျက်များကို စိတ်မျက်စိထဲတွင် အသေးစိတ်မြင်ယောင်ခံစားလာရပါသည်။

စာဆိုသည် မဏိကကက်ပျို့တွင် ဇာတ်ဆောင်များကိုရေးဖွဲ့ရာ၌ ဇင်းမယ်ပဏ္ဏာသဇာတ် ထက်ပို၍ အနုစိတ်ရေးဖွဲ့ထားကြောင်းတွေ့ရသည်။ ဇာတ်ဆောင်တို့၏ ရင်တွင်းခံစားချက်ကိုပါ ထည့်သွင်းရေးဖွဲ့သောကြောင့် စာဖတ်သူတို့သည် ပျို့ဇာတ်လမ်းအပေါ်ပို၍ စိတ်ဝင်စားမှုရှိလာသည်။ ဇာတ်ဆောင်တို့ကို အပြောက်အမွမ်းခြယ်ရာတွင် သဘာဝကျစွာရေးဖွဲ့ထားနိုင်သည်ကို တွေ့ရသည်။

နောက်ခံဝန်းကျင် အပြောက်အမွမ်းများကို ရေးဖွဲ့ရာတွင် ကာလဒေသ၊ လူမှုအလျောက် လိုက်ဖက်သော နောက်ခံဝန်းကျင်တို့ကို ပီပြင်အောင်ရေးဖွဲ့နိုင်ကြောင်းတွေ့ရပါသည်။ ကာလ နောက်ခံကိုဖွဲ့ရာတွင် မြင်ကွင်းသရုပ်ကိုပါ အသေးစိတ်ရေးဖွဲ့ထားရာ စိတ်မျက်စိထဲတွင် ထင်ယောင် မြင်ယောင်ခံစားမိလာစေသည်။ နောက်ခံဝန်းကျင် အပြောက်အမွမ်းအဖွဲ့များသည် ပျို့ပါဇာတ်လမ်းနှင့် ဇာတ်ဆောင်ကို အထောက်အပံ့ပြုကြောင်း တွေ့ရပါသည်။

စာဆိုသည်ဇင်းမယ်ပဏ္ဏာသလာ ဇာတ်ဝတ္ထုများကို စာဖတ်သူတို့ စိတ်ဝင်စားစေရန် ပျို့တွင် ဇာတ်လမ်း၊ ဇာတ်ဆောင်၊ နောက်ခံဝန်းကျင်တို့၌ ပြင်ဆင်မွမ်းမံ ခြယ်သထားသည်ကိုတွေ့နိုင်သည်။ ဗဟုသုတဖြစ်ဖွယ်ရာ အကြောင်းများဖြစ်သည့် အိမ်ရှေ့မင်းထီးနန်းတက်သည့် အစီအစဉ်များ၊ ဆုံးမစာများကို ထည့်သွင်းရေးဖွဲ့ထားရာ စာဖတ်သူတို့အား ရသသာမက သုတကိုပါခံစားလာစေသည်။ ဇင်းမယ်ပဏ္ဏာသဇာတ်ဝတ္ထုနှင့် ပျို့၏ကွာခြားချက်၊ တူညီချက်၊ မွမ်းမံချက်တို့ကို သိရှိလာရသည်။

ဤသို့ဖြင့် ဝန်ကြီးပဒေသရာဇာ၏ မဏိကကက်ပျို့မှအပြောက်အမွမ်းများသည် ဇာတ်လမ်း၊ ဇာတ်ဆောင်၊ နောက်ခံဝန်းကျင်ကို အထောက်အပံ့ပေးနိုင်သကဲ့သို့ အပြောက်အမွမ်းများသည် ပီပြင်ပေါ်လွင်မှုရှိပြီး သဘာဝကျကာ နှစ်သက်ဖွယ်ကောင်းကြောင်း လေ့လာသိရှိရပါသည်။

## နိဂုံး

ဝန်ကြီးပဒေသရာဇာ၏ မဏိကကက်ပျို့သည် ဆုံးမသြဝါဒကိုဦးစားပေးသောပျို့ဖြစ်သောကြောင့် မူလ ဇာတ်ဝတ္ထုကိုချုံ့ကာ ရေးဖွဲ့ထားသည်ကိုတွေ့ရသည်။ ဇာတ်လမ်းကိုချုံ့၍ရေးဖွဲ့ထား သော်လည်း ဦးတည်ချက်မပျက်ခဲ့ပေ။ ဇာတ်လမ်း၊ ဇာတ်ဆောင်များ၊ နောက်ခံဝန်းကျင်များ ကိုရေးဖွဲ့ရာတွင် အပြောက်အမွမ်းများဖြင့် တန်ဆာဆင်ရေးဖွဲ့ထားကြောင်း တွေ့ရသည်။ ကျန်ရှိ နေသော မဏိကကက်ပျို့မှ

အရေးအဖွဲ့ပိုင်းကို ဆက်လက်လေ့လာနိုင်ပါသည်။ ဤစာတမ်းသည် ဝန်ကြီးပဒေသရာဇာ၏ မဏိကက်ပျို့မှ အပြောက်အမွမ်းများကို လေ့လာလိုသူတို့အတွက် တစ်စိတ်တစ်ဒေသ အထောက်အကူပြုနိုင်ပါသည်။

## ကျမ်းကိုးစာရင်း


ခင်မင်၊ မောင်၊ ။(၂၀၂၃) ။(ဓနုဖြူ)***ဘာသာအမြင်စာပေအမြင်*** ။ ရန်ကုန်၊(တတိယအကြိမ်)စိတ်ကူးချိုချိုပုံနှိပ်တိုက်။

စိုးရွှေစင်။ ။(၂၀၁၅)***ဝတ္ထုတိုသဘောတရား၊ ဝတ္ထုတိုအတတ်ပညာ***။ ရန်ကုန်၊ စွယ်တော်ပုံနှိပ်တိုက်။

တာရာ ။(၂၀၁၈) ။(ဒဂုန်)***အလှဗေဒ ၂***။ ရန်ကုန်၊ စိတ်ကူးချိုချိုပုံနှိပ်တိုက်။(ဒုတိယအကြိမ်)

တင်၊ ဦး၊ ။(၁၉၆၉) ။(ပုဂံဝန်ထောက်မင်း)***ကဗျာဗန္ဓသာရကျမ်း***။ ရန်ကုန်၊ လယ်တီမဏ္ဍိုင်ပုံနှိပ်တိုက်။

ထွန်းရီ ။ ။(၂၀၁၇)***ညောင်ရမ်းခေတ်စာဆိုဝန်ကြီးပဒေသရာဇာ***။ ရန်ကုန်၊ မိဘဂုဏ်စာပေ။

ဖေမောင်တင်၊ ဦး၊ ပါမောက္ခ။ ။(၂၀၁၃)***မြန်မာစာပေသမိုင်း***။ ရန်ကုန်၊ ရာပြည့်စာပေ။

မဟာဇေယသင်္ခယာ ။(၁၉၆၃) ။(ဦးချိန်)***ဝေါဟာရလီနတ္ထဒီပနီ***။ ရန်ကုန်၊ ဟံသာဝတီပုံနှိပ်တိုက်။

မြန်မာစာအဖွဲ့။ (၂၀၁၈)။ ***မြန်မာအဘိဓာန်*** (တတိယအကြိမ်)။ နေပြည်တော်၊ မြန်မာနိုင်ငံ တိုင်းရင်းသားဘာသာစကားဦးစီးဌာန။

သျှင်သီရိ၊ တက္ကသိုလ်၊ ။(၂၀၁၄) ။(ဓမ္မာစရိယ၊ ဘီအေ)***ဇင်းမယ်ပဏ္ဏာသဇင်းမယ်ဝတ္ထု(၅၀)***။ ရန်ကုန်၊ ဖြိုးဝေလျှံပုံနှိပ်တိုက်။

လွင်အောင်၊ ဒေါက်တာ။ ။(၂၀၀၃)***ဗိသုကာအနုပညာအတွေးအမြင်နှင့် ဗိသုကာအဆောက်အအုံ ပညာစာစုများ***။ ရန်ကုန်၊ ပြည့်စုံစာအုပ်တိုက်။